# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 8 , 2022 Volume 60, Number 5


၈.၁၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၇၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၀၀၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၀၉၇.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၉၆.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၀၉.၀ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၈.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၃၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၇၁၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၆၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၃၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၂၀၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## အောက်တိုဘာလ ၃၁ မှ နိုဝင်ဘာ ၄ ရက်နေ့ထိ ဈေးကွက်သုံးသပ်ချက်

**မတ်ပဲ**

မတ်ပဲကတော့ တစ်ပတ်အတွင်း ဈေးကကျဆင်းပေမယ့် အပြောင်းအလဲကတော့ သိပ်မရှိပါဘူး။ ပွဲတော်ကာလဖြစ်တဲ့အတွက် နယ်ဈေးကွက်တွေမှာ အရောင်းအဝယ်အေးပြီး ဈေးလည်းအေးနေပါတယ်။ မတ်ပဲ အသစ်တွေလည်း ဈေးကွက်ထဲကို ဆက်တိုက်ဝင်နေပြီး ငွေကြေးလဲလှယ်နှုန်းဈေး ကျဆင်းနေတဲ့အတွက် ပြည်ပရောင်းဝယ်မှုလည်း အေးနေပါတယ်။

အိန္ဒိယနိုင်ငံမှာတော့ မတ်ပဲဈေးက မာနေပေမယ့် ပြည်တွင်းကုန်သည်တွေကတော့ ပွဲတော်ကာလ ငွေကြေးဈေးအခြေအနေကို စောင့်ကြည့်နေတဲ့အတွက် ဈေးကအကျဈေးနဲ့ တန့်နေတာ ဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်မှာ မတ်ပဲက တစ်တန်ကို ၁၇ သိန်း ၃ သောင်းကနေ ၁၇ သိန်း ၅ သောင်းကြား အတက်အကျရှိနေပါတယ်။

မန္တလေးဈေးကွက်မှာလည်း တစ်အိတ်ကို ၁၆၇၀၀၀ ထိကျဆင်းသွားပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်အိတ်ကို ၅၀၀၀ လောက်ဈေးကျဆင်းသွားပါတယ်။ မြင်းခြံဈေးကွက်၊ မုံရွာဈေးကွက်၊ အောင်လံဈေးကွက်၊ မော်လမြိုင်ဈေးကွက်၊ ပြည်ဈေးကွက်တို့မှာ မတ်ပဲက တစ်တင်း ကို ၅၆၀၀၀ ကနေ ၅၇၀၀၀ ကြား ပေါက်ဈေးရှိပြီး တစ်တင်းကို ၂၀၀၀ လောက်ဈေးကျဆင်းပါတယ်။

**ပဲစင်းငုံနီ**

ဆက်တိုက်ဈေးငြိမ်နေခဲ့တဲ့ ပဲစင်းငုံနီကတော့ ဒီတစ်ပတ်မှာ ဈေးကျဆင်းသွားပါတယ်။ အရောင်းအဝယ် အေးနေတဲ့အပြင် လက်ကျန်လည်းမရှိဘူးလို့ သိရပါတယ်။ အိန္ဒိယနိုင်ငံမှာတော့ ပဲစင်းငုံနီအထွက်နှုန်းလျော့လို့ ဈေးတက်မယ်လို့ ခန့်မှန်းထားမှုတွေရှိပေမယ့် ပြည်တွင်းမှာတော့ ငွေကြေးဈေးလဲလှယ်နှုန်းကြောင့် ဝယ်ယူမှုကို စောင့်ကြည့်နေတဲ့အခြေအနေဖြစ်ပါတယ်။ မြင့်တက်နေတဲ့ ပဲဈေးကို ဆွဲချတဲ့အခြေအနေလို့လည်း ကုန်သည်အချို့က ခန့်မှန်းပြောဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၁၉ သိန်း ၃ သောင်းနီးပါး ပေါက်ဈေးရှိနေပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၅ သောင်းနီးပါး ဈေးကျဆင်းသွားပါတယ်။ မန္တလေးဈေးကွက်မှာတော့ ကထိန်ပွဲတော်ကြောင့် အရောင်းအဝယ်နားထားပါတယ်။ နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ၊ မြင်းခြံနှင့် မုံရွာတို့မှာတော့ တစ်တင်းကို ၅၉၀၀၀ မှ ၆၀၀၀၀ လောက် ပေါက်ဈေးရှိနေပြီး တစ်တင်းကို ၁၀၀၀ လောက်ဈေးကျဆင်းပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ ပြီးခဲ့တဲ့အပတ်ကတည်းက ကျဆင်းနေတာဖြစ်ပြီး ဒီတစ်ပတ်မှာလည်း ထပ်ကျဆင်းပါတယ်။ ပြည်ပတင်ပို့တဲ့ပဲတွေနည်းတူ တရုတ်အဓိက တင်ပို့

နေတဲ့ ပဲတီစိမ်းလည်း ကျဆင်းနေတာဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲတီစိမ်း (ခရမ်းရွှေဝါ) ကတော့ တစ်ပိဿာကို ၃၀၀၀ ကနေ ၃၁၇၀ ကျပ်ရှိပြီး တစ်ပိဿာကို ၈၀ ကနေ ၁၆၅ ကျပ်၊ ပဲတီစိမ်း (ဝါးခယ်မ) ကတော့ တစ်ပိဿာ ကို ၂၄၆၅ ကနေ ၂၅၀၀ကျပ် ပေါက်ဈေးရှိပြီး ၅၀ကျပ်၊ ပဲတီစိမ်း(ပဲခူးရွှေဝါ)ကတော့ တစ်ပိဿာကို ၂၅၈၀ ကနေ ၂၈၃၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၅၀ ကျပ် အသီးသီးဈေးကျဆင်းပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲတီစိမ်းက ၃ တင်းဝင် တစ်အိတ်ကို ၁၂၅၀၀၀ ကနေ ၁၄၀၀၀၀ ကြားပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ်ဈေးကျဆင်းပါတယ်။ နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ၊ မုံရွာ၊ ပြည်၊ မော်လမြိုင်တို့မှာတော့ တစ်တင်းကို ၄၅၀၀၀ ကနေ ၄၈၀၀၀ ကျပ် ရှိပြီး တစ်တင်းကို ၅၀၀ ကနေ ၁၀၀၀ ကြားဈေးကျဆင်းပါတယ်။

**ပဲပုတ်**

ပဲပုတ်က ရန်ကုန်ဈေးကွက်မှာ ဈေးငြိမ်နေပေမယ့် နယ်ဈေးကွက်မှာတော့ အရောင်းအဝယ်သွက်နေပြီး ဈေးအနည်းငယ်ပြန်တက်လာပါတယ်။ ဒေသတွင်း ဝယ်ယူမှုများတဲ့အတွက် ဈေးတက်လာတာဖြစ်ပါတယ်။ မန္တလေး ဈေးကွက်မှာတော့ ပဲပုတ်(ရှမ်း)က တစ်အိတ်ကို ၁၄၅၀၀၀ ကနေ ၁၅၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ်၊ ပဲပုတ်(ဗမာ)ကတော့ တစ်အိတ်ကို ၂၁၀၀၀၀ ကနေ ၂၂၅၀၀၀ ပေါက်ဈေးရှိပြီး ၁၀၀၀၀ လောက်ဈေးပြန်တက်လာပါတယ်။ မြင်းခြံဈေးကွက်မှာတော့ ပဲပုတ်က တစ်ပိဿာကို ၄၀၅၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၅၀ လောက် ဈေးပြန်တက်ပါတယ်။ မုံရွာဈေးကွက်မှာတော့ ပဲပုတ်က တစ်တင်းကို ၇၆၀၀၀ ပေါက်ဈေးရှိပြီး ၂၀၀၀ ကျပ်ဈေးကျဆင်းပါတယ်။

**စားတော်ပဲ**

စားတော်ပဲက ပြီးခဲ့တဲ့အပတ်ကအထိ ဈေးပြန်ကျဆင်းပေမယ့် ပွဲတော်ကာလ ပြည်တွင်း ဝယ်ယူမှုများတဲ့အတွက် ဈေးက ပြန်တက်လာပါတယ်။ ရန်ကုန်ဈေးကွက်မှာ စားတော်ပဲက တစ်ပိဿာကို ၆၆၆၅ ကနေ ၇၀၀၀ ပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။ မန္တလေးဈေးကွက်မှာတော့ စားတော်ပဲက တစ်အိတ်ကို ၂၂၅၀၀၀ ကနေ ၄၃၀၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၁၀၀၀၀ လောက်ဈေးတက်လာပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ ဒီတစ်ပတ်မှာလည်း အတက်ဈေးနဲ့ ရှိနေပါတယ်။ ပွဲတော်ကာလ အရောင်းအဝယ်ကောင်းနေပြီး ပြည်ပဝယ်ယူမှုရှိနေတဲ့အတွက်ဈေးက တက်နေပါတယ်။ နေ့စဉ် ကြက်သွန်ကား အဝင်ပေါ်မူတည်ပြီး ဈေးအပြောင်းအလဲကတော့ အနည်းငယ်ရှိပါတယ်။ နေ့စဉ်ရန်ကုန်ဈေးကွက်ကို ကြက်သွန်တန်ချိန် ၁ သိန်းခွဲလောက်ထိ နေ့စဉ်အဝင်ရှိနေပြီး ကြက်သွန်ဈေးမာအောင် အဝင်ထိန်းဖို့ ကုန်သည်တွေက အကြံပေးထားပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ကြက်သွန်နီ(ဆိပ်ဖြူ၊ မြင်းခြံ၊ မုံရွာ)တို့က တစ်ပိဿာကို အနိမ့်ဆုံး ၃၀၀၀ ကနေ ၄၃၀၀ ကြားပေါက်ဈေးရှိနေပါတယ်။ မော်လမြိုင်ဈေးကွက်မှာလည်း တစ်ပိဿာကို ၃၆၀၀ ကနေ ၄၂၀၀ ကြား အရောင်းအဝယ်ရှိနေပါတယ်။

AMIA

Source: https://t.me/htwettoe

## ကထိန်ရာသီဖြစ်တာကြောင့် မန္တလေး ပဲနှမ်းဈေးကွက်တစ်ခုလုံး ဈေးအေးနေ၊ ပို့ကုန်မတ်ပဲနှင့် ပဲစင်းငုံ ဈေးအနည်းငယ်ပြန်တက်လာ

ကထိန်ရာသီတွင် မန္တလေး ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးအေးနေပြီး ဈေးကျဆင်းနေသည့် ပို့ကုန်မတ်ပဲနှင့် ပဲစင်းငုံဈေး အနည်းငယ်ပြန်တက်လာကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။ ပြည်တွင်းသုံး ကုလားပဲ အုပ်စုမှာ ဈေးကျဆင်းမှုမရှိဘဲ အရောင်းအဝယ်ကောင်းနေကြောင်း မြေပဲဆန်ဈေးကွက်မှာလည်း မျိုးမြေပဲဆန်နှင့် ဆီကြိတ်မြေပဲဆန်တို့မှာ အရောင်းအဝယ် ခပ်သွက်သွက် ဖြစ်နေသည်။ ပို့ကုန်မတ်ပဲနှင့် ပဲစင်းငုံတို့မှာ ဈေးကျဆင်းနေရာမှ အိန္ဒိယ FOB ဈေးတိုးမြင့်လာတာကြောင့် ဈေးအနည်းငယ်ပြန်တက်လာသော်လည်း ဈေးကောင်းမဟုတ်သေးကြောင်း၊ တရုတ်ပို့ကုန်လိုင်း

မှာလည်း တင်ပို့မှု မတည်ငြိမ်တာနှင့် အိန္ဒိယလိုင်း ပဲတင်ပို့မှု နည်းနေခြင်းဖြစ်တာကြောင့် ပဲနှမ်း ဈေးကွက်တစ်ခုလုံး အေးနေခြင်း ဖြစ်သည်။ ကထိန်ရာသီတွင် မန္တလေးကုန်စည်ဒိုင်တွင်လည်း နှစ်စဉ်အရောင်းအဝယ်အေးနေချိန်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်း)ပွဲရုံက ပြောသည်။

"ပြည်တွင်းကုလားပဲအုပ်စု ဈေးမကျဘဲ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၉၁၀၀၀-၁၉၂၀၀၀ ပေါက်ဈေး ရှိပါတယ်။ ကထိန်ရာသီမို့ ကုလားပဲ ရောင်းကောင်းနေတယ်။ မြေပဲဆန်ဈေးက မကျဘူး။ တစ်ပိဿာကျပ် ၅၁၀၀-၅၂၀၀ ပေါက်ဈေး ဖြစ်နေပါတယ်။ ကျန်ပဲ၊ နှမ်းတွေကတော့ ပုံမှန်ပဲ။ မတ်ပဲဈေးကွက် ကျဆင်းနေရာက ဈေးအနည်းငယ် ပြန်တက်လာပေမယ့် ယခင် သီတင်းပတ်ထက်တော့ ကျဆင်းနေပါတယ်။ အိန္ဒိယ FOB ဈေး တိုးမြင့်လာတာကြောင့် ဈေးအနည်းငယ် ပြန်တက်နေပါတယ်။ ပဲတီစိမ်း ပုံမှန်အရောင်းအဝယ်ဖြစ် နေပါတယ်။ မြေပဲဆန်မျိုးဈေးကတော့ တစ်ပိဿာ ငွေကျပ် ၆၀၀၀ ပေါက်ဈေးရှိပါတယ်။ တန်ဆောင်မုန်းလ ကထိန်ရာသီဖြစ်လို့ မန္တလေးကုန်စည်ဒိုင်မှာ ဆက်လက်အရောင်းအဝယ်ပါးနေမှာပါ။ တရုတ်လမ်းကြောင်း တင်ပို့မှုမတည်ငြိမ်တာနဲ့ အိန္ဒိယ ပဲတင်ပို့မှုနည်းနေလို့ ပဲဈေးကွက် တစ်ခုလုံး အေးနေပါတယ်" ဟု ၎င်းက ပြောသည်။

**မတ်ပဲ၊ ပဲစင်းငုံ ၊ ပဲတီစိမ်း**

အိန္ဒိယ FOB ဈေး တိုးမြင့်ဝယ်လာတာကြောင့် မတ်ပဲ၊ ပဲစင်းငုံ ဈေးကွက်ကျဆင်းနေရာမှ ဈေးအနည်းငယ် ပြန်တက်လာရာ နိုဝင်ဘာ ၂ ရက်တွင် မတ်ပဲတစ်အိတ်လျှင် ကျပ် ၁၇၀၀၀၀၊ ပဲစင်းငုံ တစ် အိတ်လျှင် ကျပ် ၁၈၀၀၀၀ ပေါက် ဈေးပြန်ဖြစ်လာသည်။ ပဲတီစိမ်း အညာမှာ ထိပ်စ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ ပေါက်ဈေးရှိသော်လည်း ပုံမှန် အရောင်းအဝယ်ဖြစ်နေသည်။

**မြေပဲ**

မျိုးမြေပဲ ဝယ်ချိန်ဖြစ်တာကြောင့် ဈေးကောင်းနေပြီး ပြည်တွင်းဆီစက်များ အဝယ်ကောင်းနေတာကြောင့် မျိုးမြေပဲ တစ်ပိဿာလျှင် ကျပ် ၆၀၀၀ ပေါက် ဈေးရှိသော်လည်း ဆီဆန်များမှာ တစ်ပိဿာလျှင် ကျပ် ၅၄၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ် သွက်နေသည်။ မြေပဲဆီ တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀၊ နှမ်းဆီ တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀၊ စားအုန်းဆီ တစ်ပိဿာ လျှင် ကျပ် ၅၀၀၀ အထိ ကျဆင်းသွားကြောင်း သိရသည်။

မန္တလေးကုန်စည်ဒိုင်မှာ ကထိန်ရာသီဖြစ်တာကြောင့် ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးအေးနေရာ နိုဝင်ဘာ ၂ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ကျပ် ၁၉၁၀၀၀၊ ပဲယင်းတစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ ပဲကြီး တစ်အိတ်လျှင် ကျပ် ၂၃၅၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ကျပ် ၁၆၅၀၀၀၊ စွန်တာပြာ တစ်အိတ်လျှင် ကျပ် ၁၅၅၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ကျပ် ၂၄၅၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ကျပ် ၄၁၀၀၀၀ ပေါက်ဈေး ဖြစ်နေသည်။

Source: မကွေးဂျာနယ်

## ပြည်ပကိုပို့ဖို့ ဝယ်လိုအားများနေတဲ့ ဆန်ကြမ်းဈေး ဆက်တိုက်မြင့်လာ

ဆန်တန်ချိန် ၂ သိန်း ပမာဏကို မြန်မာဘက်ကနေ ဘင်္ဂလားဒေ့ရှ်က အဝယ်ရှိနေတဲ့အပြင် အခြားနိုင်ငံတွေကို တင်ပို့မှုတွေ ရှိနေတာကြောင့် ပြည်တွင်းဆန်ကြမ်းဈေးကွက် ဝယ်လိုအားများနေလို့ ဆက်တိုက်ဈေးမြင့်လာနေကြောင်း ဘုရင့်နောင်ဆန်စပါးကုန်စည်ဒိုင်ကနေ သိရပါတယ်။

ပြည်ပတင်ပို့တဲ့ ဆန်အမျိုးအစားအနေနဲ့ ဆန်ကြမ်းနဲ့ ဆန်ကွဲကိုသာ အဓိကထားတင်ပို့နေတာဖြစ်ပြီး လက်ရှိ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် ဧပြီကနေ အောက်တိုဘာအတွင်း ဆန်ကြမ်းတန်ချိန် ၅ သိန်းကျော်နဲ့ ဆန်ကွဲ ၄ သိန်းကျော် တင်ပို့မှုရှိခဲ့တယ်လို့ ဆိုပါတယ်။

လက်ရှိမှာ ဆန်ကြမ်းအမျိုးအစား ဆင်းသုခဆန်ဟာ ဆန်သား ၈၅ ရာခိုင်နှုန်းပါတဲ့ ဆန်တစ်အိတ်ကို ၄၂၅၀၀ ကျပ်နဲ့ ရတနာတိုးဆင်းသွယ် အိတ်တစ်အိတ်ကို ၄၃၀၀၀ ကျပ် ရှိနေတာဖြစ်ရာ အဲ့ဒီဈေးဟာ ပြီးခဲ့တဲ့ အောက်တိုဘာလကထက် ငွေကျပ် ၅၀၀ နှုန်း ဈေးမြင့်လာတယ်လို့ သိရပါတယ်။

အခြား ဆန်ကြမ်းဈေးနှုန်းတွေ အနေနဲ့လည်း ငစိန်ဆန် တစ်အိတ်ကို ငွေကျပ် ၄၄၀၀၀၊ ဧည့်မထ တစ်အိတ်ကို ငွေကျပ် ၄၂၅၀၀၊ မြီးဒုံးဆန် တစ်အိတ်ကိုငွေကျပ် ၄၇၀၀၀၊ ရက် ၉၀ တစ်အိတ် ငွေကျပ် ၄၆၅၀၀ စသဖြင့် ဈေးနှုန်းအစားစား သတ်မှတ်ထားပြီး အဲ့ဒီဈေးတွေဟာ ပြီးခဲ့တဲ့ အောက်တိုဘာလကထက် ဆန်ဈေးမြင့်လာတာဖြစ်ကြောင်း ဆန်ကုန်သည်တွေ ထံကသိရပါတယ်။

ဆန်ကို ပြည်ပတင်ပို့ဖို့ ဈေးကွက်အတွင်း ဝယ်လိုအားများနေပေမယ့် ဆန်ထွက်ရှိမှု အခြေအနေမှာလည်း ပြီးခဲ့တဲ့ မိုးစပါးပေါ်ချိန်ကာလကို ကျော်လွန်သွားတာကြောင့် ကုန်စည်ဒိုင်တွေအတွင်း ဆန်အဝင်နည်းနေပြီး ယခင်က ဆန်ပေါ်ချိန် ၁ ရက်ကို ဆန်အိတ်ရေ ၁ သိန်းလောက် ဝင်နေရာကနေ အခု အိတ်ရေ ၅ သောင်းသာ အဝင်ရှိတော့တယ်လို့ ဆိုပါတယ်။

ဆန်ဈေးကွက်ဟာ စပါးပေါ်ချိန်တွေဖြစ်တဲ့ မိုးစပါးထွက်ရှိချိန်နဲ့ နွေစပါး ထွက်ချိန်တွေမှာ ဈေးကျတတ်ပေမယ့် ယခုကာလဟာ မိုးစပါးအချိန်ကာလ ကျော်လွန်သွားသလို နွေစပါးရရှိဖို့ကလည်း အချိန်လိုနေသေးတာကြောင့် ပြည်တွင်း လက်လီစားသုံးသူ ဈေးကွက်မှာပါ ဆန်ဈေးမြင့်တက်လာနေတာ ဖြစ်ပါတယ်။

Source: https://www.myanmaplatform.com/a/64943.html

## အသင့်စားမျှစ်အစိုသုပ်ဘူးများဈေးကွက်ရဖို့ FDA မှာစစ်ဆေးခံနေ


Source:Myanmar Future News

တစ်နိုင်တစ်ပိုင်လုပ်ငန်းများ ဖွံ့ဖြိုးဖို့ နည်းပညာ၊ ဈေးကွက်စတာတွေ ရရှိအောင် သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနတွေက ကူညီဆောင်ရွက်ပေးနေတာပါ။ အခုလည်း နေပြည်တော်ဒေသထွက် မျှစ်အစိုသုပ်ဘူးတွေ ဈေးကွက်ရရှိဖို့ လုပ်ဆောင်လာပါတယ်။

"မျှစ်အစိုသုပ်ကို ဈေးကွက်ထဲ ဖြန့်ဖြူးရောင်းချဖို့ အခုစမ်းပြီးထုတ်လုပ်နေပါတယ်။ အဆင်ပြေတာနဲ့ FDA ကိုပို့ပြီး ဒီဇင်ဘာလနောက်ပိုင်းမှာ စတင်ဖြန့်ချိမှာပါ " လို့ မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်း တာဝန်ရှိသူကပြောပါတယ်။

အရင်ကတော့မျှစ်ကို လက်လီလက်ကားအဖြစ် ဈေးများမှာသာ ရောင်းချလေ့ရှိခဲ့တာပါ။ အခုတော့ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် မျှစ်ကိုအခြောက်ပြုလုပ်ကာ ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်အထိပါ ရောင်းချနေပါပြီ။

အခုထပ်မံကာ မျှစ်ကို ထုတ်ကုန်သစ်အဖြစ် မျှစ်အစိုသုပ်ဘူးတွေကို စမ်းသပ်ထုတ်လုပ်လာတာလို့ မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းက သိရပါတယ်။ အသင့်စား မျှစ်အစိုသုပ်ဘူးမှာတော့ မျှစ်အစိုပြုတ်၊ မြေပဲ၊ ဆား၊ အရသာမှုန့်၊ ကြက်သွန်ဖြူကျော်၊ နှမ်း၊ ဆီချက်စတာတွေကို ထည့်သွင်းထားတာပါ။

မျှင်ဝါးမှထွက်ရှိတဲ့ မျှစ်ကိုအသုံးပြုထားပြီး လက်ရှိမှာ မျှစ်တစ်ပိသာကို ငွေကျပ် ၁၅၀၀ မှ ၂၀၀၀ ဈေးနှုန်းရှိတာမို့ တစ်ဗူးကို ၁၈၀၀ကျပ်နဲ့ ရောင်းချသွားဖို့ လျာထားတယ်လို့ သိရပါတယ်။ လက်ရှိ မျှစ်အခြောက် ထုတ်ကုန်ကိုလည်း တရုတ်၊ တရုတ်(တိုင်ပေ) နဲ့ဂျပန်နိုင်ငံတွေကို တင်ပို့နေတာပါ။

Source: Myanmar Future News

## လေကြောင်းလိုင်းမှ ပြည်တွင်းစိုက်ပျိုးသည့်ပန်း ၃ မျိုး မလေးရှားနိုင်ငံထံ စမ်းသပ်တင်ပို့ထား


Source: Myanmar Future News

ပြည်တွင်းစိုက်ပျိုးသည့် ပန်းများစွာရှိတဲ့အနက်မှ ပန်း ၃ မျိုးကို ဈေးကွက်ရဖို့ လုပ်ဆောင်လာပါတယ်။ ဒါကတော့ ယခုနိုဝင်ဘာကာလမှ စတင်ကာ မလေးရှားနိုင်ငံ ဈေးကွက်ထံ နှင်းဆီ၊ ဂန္ဓမာပန်းကြွေဖြူနဲ့ ရွှေဝါဝင်းစတဲ့ ပန်း ၃ မျိုးကို လေကြောင်းလိုင်းနဲ့ စမ်းသပ်တင်ပို့ထားတယ်လို့ အောင်ပန်းပွဲရုံမှ သိရပါတယ်။

“ရန်ကုန်မှာရှိတဲ့ ကုမ္ပဏီတစ်ခုနဲ့ ချိတ်ဆက်ပြီးယခုလထဲမှာ စမ်းသပ်ပို့ဆောင်ထားပါတယ်။ ရေရှည်အနေနဲ့ သယ်ယူပို့ဆောင်မှု ဈေးကွက်အတွင်း ရောက်ရှိချိန်မှာ ပန်းများရဲ့အရည်အသွေးကောင်းမွန်မှု ရှိ၊ မရှိအပေါ်မူတည်ပြီး တင်ပို့သွားဖို့ ရှိပါတယ်” လို့

အောင်ပန်းပွဲရုံလုပ်ငန်းရှင်မှ ပြောပါတယ်။

အဲလို စမ်းသပ်တင်ပို့မှု အောင်မြင်လာပါက ရှမ်းပြည်နယ် (တောင်ပိုင်း) ပန်းစိုက်ပျိုးဒေသတွေဖြစ်တဲ့ ကလော၊ ဟဲဟိုး၊ ညောင်ရွှေ၊ အောင်ပန်းတို့မှ ပန်းစိုက်ပျိုး တောင်သူတွေအတွက် ဝင်ငွေအခွင့်အလမ်းများစွာ ရရှိလာမှာဖြစ်တယ်လို့ သိရပါတယ်။ အထက်ပါ ဒေသများမှာတော့ နှင်းဆီ၊ ဂန္ဓမာ၊ သပြေနဲ့ လီလီပန်းတို့ကို ဧက ၈၀၀ ၊ ၁၀၀၀ ခန့် စိုက်ပျိုးမှု ရှိနေတာပါ။

မလေးရှားနိုင်ငံထံ ဈေးကွက်ရရှိဖို့ ကနဦး ယင်းဒေသထွက် ရေမွှေးနှင်းဆီအပွင့် ၆၀၀ ပါ တစ်ဖာ၊ ဂန္ဓမာပန်းကြွေဖြူနှင့် ရွှေဝါဝင်းအပွင့် ၅၀၀ စီပါ နှစ်ဖာတို့ကို လေကြောင်းလိုင်းကနေ တင်ပို့ထားပြီးဖြစ်တယ်လို့ သိရပါတယ်။ ပြည်တွင်းဈေးကွက်မှာတော့ နှင်းဆီ ၁၀ ပွင့်ကို ငွေကျပ် ၂၀၀၀ မှ ၂၃၀၀ ၊ ဂန္ဓမာမှာ အရောင်အမျိုးအစားပေါ် မူတည်ပြီး ၁၀ ပွင့်ကို ငွေကျပ် ၂၀၀၀ မှ ၂၂၀၀ ဈေးရှိပြီး အများစုကတော့ ဗုဒ္ဓဘာသာဝင်တို့ ပန်းဆပ်ကပ် လှူဒါန်းရာမှာ ဝယ်ယူလေ့ရှိသလို ပွဲလမ်းသဘင် အခမ်းအနားတွေမှာလည်း အသုံးပြုလေ့ရှိတယ်လို့ သိရပါတယ်။

Source: Myanmar Future News

## တစ်တန်ကို ကန်ဒေါ်လာ ၅၅၀၀ ရရှိနေတဲ့ ပနားမီးပုစွန်ဖြူ ရုရှားနိုင်ငံကိုတင်ပို့ဖို့ လုပ်ဆောင်နေ

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုမှာ စီးပွားဖြစ်မွေးမြူထုတ်လုပ်နေတဲ့ ပနားမီးပုစွန်ဖြူ တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၅၀၀ ဈေးရရှိနေပြီး ရုရှားနိုင်ငံကို တင်ပို့ဖို့ လုပ်ဆောင်လျက်ရှိတယ်လို့ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရပါတယ်။

ပနားမီးပုစွန်ဖြူဟာ ကင်းပုစွန်လို ဈေးကွက်ဝယ်လိုအားကောင်းပြီး ခိုင်မာတဲ့ ဈေးကွက်ရရှိဖို့နဲ့ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ရုရှားနိုင်ငံကို တင်ပို့နိုင်ဖို့ ဆောင်ရွက်နေတာဖြစ်တယ်လို့ သိရပါတယ်။ ရုရှားနိုင်ငံကို ပနားမီးပုစွန်ဖြူ တင်ပို့နိုင်ဖို့ နှစ်နိုင်ငံ G to G ရေထွက်ကုန်ကဏ္ဍဆိုင်ရာ MoU လက်မှတ်ရေးထိုးပြီးဖြစ်ကာ ရေထွက်ကုန်စက်ရုံတွေနဲ့ ပုစွန်မွေးကန်တွေ အစစ်ဆေးခံပြီးပါက မြန်မာ့ပနားမီး ပုစွန်ဖြူကို ရုရှားနိုင်ငံကို တင်ပို့ဖို့ အသင့်ရှိနေတယ်လို့ သိရပါတယ်။

ထိုင်းနိုင်ငံမှာ ပနားမီးပုစွန်ဖြူတစ်ဧက မွေးမြူရင် ၂၅ တန် ထွက်ရှိကာ မြန်မာနိုင်ငံမှာ တန် ၄၀ ခန့် ထွက်ရှိပြီး အရည်အသွေး ပိုကောင်းမွန်တယ်လို့ သိရပါတယ်။ ပနားမီးပုစွန်ဖြူကို မြိတ်ကျွန်းစုဒေသတွေမှာ ဆယ်စုနှစ် နှစ်စုကျော်ကြာ မွေးမြူထုတ်လုပ်ခဲ့တာဖြစ်ပြီး မျိုးစိတ်ကို အမေရိကန်နိုင်ငံ ဟာဝိုင်အီကျွန်းရှိ မိဘမျိုးစိတ်တွေကနေ မြန်မာမှာ မွေးမြူထုတ်လုပ်တာဖြစ်တယ်လို့ သိရပါတယ်။ လက်ရှိ ပနားမီးပုစွန်ဖြူကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေတာဖြစ်ပြီး မြန်မာ့ရေထွက်ကုန်တွေကို နိုင်ငံပေါင်း ၄၀ ကျော်ကို တင်ပို့ရောင်းချလျက်ရှိတယ်လို့ သိရပါတယ်။

Source: [https://www.myanmaplatform.com/a/64955.html](https://www.myanmaplatform.com/a/64955.html)

## အိန္ဒိယဆန်၊ ထိုင်းဆန်၊ ဗီယက်နမ်ဆန် တစ်ပတ်တာ ဈေးနှုန်းအတက်အကျများ



https://www.foodindustrydirectory.com.mm

အိန္ဒိယ၏ ဆန်တင်ပို့မှု ဈေးနှုန်းသည် ယခုသီတင်းပတ်အတွင်း ဝယ်လိုအားနည်းနေပြီး ရူပီးငွေ ကန်ဒေါ်လာ ငွေလဲနှုန်း ကျဆင်းမှုကြောင့် နှစ်လအတွင်း အနိမ့်ဆုံးဆန်ဈေးနှုန်းသို့ ကျဆင်းသွားခဲ့သည်။ ကမ္ဘာ့ထိပ်တန်း ဆန်တင်ပို့သည့် နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ၏ ၅% ဆန်ကွဲပါ ပေါင်းဆန် <RI-INBKN5-P1> အမျိုးအစား ခေါ်ဈေး တစ်တန်လျှင် ယခင်သီတင်းပတ်တွင် $375–$384 ရှိခဲ့ပြီး ယခုသီတင်းပတ်တွင် $370–$375 သို့ ကျဆင်းသည်။

အာဖရိက ဝယ်လက်များ အဝယ်လျော့ကျနေသည်။ ဆန်သစ်ပေါ်ချိန် ဖြစ်နေသည်။ ရူပီးတန်ဖိုးကျသည်။ အကြောင်းတိုက်ဆိုင်မှုများကြောင့် ခေါ်ဈေးကျဆင်းသည်။ သို့သော် အိန္ဒိယနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စပါးအဓိကထွက်ရှိသော ပြည်နယ်များတွင် မရိတ်သိမ်းမီမှာ စပါးခင်းများ ပျက်စီးခဲ့သည်။ သို့ဖြစ်ရာ အထွက်နည်းမည်ဖြစ်ပြီး ဆန်ဈေး ပြန်တက်လိမ့်မည်ဟု ခန့်မှန်းထားကြသည်။

၅% ဆန်ကွဲပါ ထိုင်းဆန် <RI-THBKN5-P1> ခေါ်ဈေး တစ်တန်လျှင် ယခင်သီတင်းပတ်တွင် $405 ရှိခဲ့ပြီး

ယခုသီတင်းပတ်တွင် $405-$410 သို့ မြင့်တက်သည်။ ပြည်ပမှ ဝယ်လက်များ အဝယ်အေးနေသည်။ ဆန်ထွက်ရှိမှု ပုံမှန်အခြေအနေတွင် ရှိသည်။ ရေကြီးသည့်အတွက် စပါးခင်းများ ပျက်စီးခြင်း အနည်းငယ်သာ ရှိသည်။ ယခုအခါ ရေပြန်ကျသွားပြီ ဖြစ်သည်။ ဈေးကွက်ထဲသို့ ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းမှ ဆန်များဝင်လာလျက် ရှိသည်။

၅% ဆန်ကွဲပါ ဗီယက်နမ်ဆန်<RI-VNBKN5-P1> အမျိုးအစား ခေါ်ဈေး မပြောင်းလဲပါ။ ယခင်သီတင်းပတ်အတိုင်း တစ်တန်လျှင် $425-$430 ရှိသည်။ ကန်ထရိုက်အရ တင်ပို့ရမည့်ဆန် ပမာဏရရှိဖို့ ကုန်သည်များ ဆန်အဝယ်များနေသဖြင့် ပြည်တွင်းဆန်ဈေး မြင့်တက်သည်။ သို့သော် ဗီယက်နမ်ဒေါင် ကန်ဒေါ်လာ ငွေလဲနှုန်း ၈% ကျဆင်းသဖြင့် ဆန်ပို့ကုန်ရငွေ ကန်ဒေါ်လာများအတွက်ရရှိမည့် ဒေါင်ပမာဏ ပိုများသွားသဖြင့် ကုန်သည်များ တွက်ခြေကိုက်နေဆဲ ဖြစ်သည်။ နိုဝင်ဘာလ ၁ မှ ၁၁ ရက်အတွင် ဖိလစ်ပိုင်နှင့် ပါပူဝါနယူးဂီနီ တို့ထံ အဓိကအားဖြင့် ဆန်တင်ပို့သည်။

Source:Reuters

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5260-asia-rice-nov-5-2022.html

## ယခုနှစ်တွင် ပြည်ပသို့ တန်ချိန် သုံးသိန်းခွဲအထိ တင်ပို့ရန် လျာထား




လက်ရှိ ကမ္ဘာ့ရော်ဘာဈေးမှာ အကျဘက်သို့ ရောက်ရှိနေပြီး ယခုနှစ်တွင် ရော်ဘာ တန်ချိန် သုံးသိန်းခွဲအထိ တင်ပို့ရန် လျာထားကြောင်း သိရသည်။ ဒေါ်လာငွေကြေး တည်ငြိမ်ပြီး တင်ပို့မှုအပိုင်းတွင် မူဝါဒများ မပြောင်းလဲပါက ယခုနှစ်တွင် တန်ချိန် သုံးသိန်းခွဲအထိ တင်ပို့ရန် လျာထားခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။ ယခင် ကမ္ဘာ့ရော်ဘာပေါက်ဈေးမှာ ဒေါ်လာ ၂၀၀၀ ဝန်းကျင်ထိ ရှိခဲ့ပြီး လက်ရှိတွင် ဒေါ်လာ ၁၅၀၀ ဝန်းကျင်သာရှိတော့ အကျဘက်သို့ရောက်နေကြောင်း သိရသည်။

"ကမ္ဘာ့ရော်ဘာဈေးက အကျဘက်သို့ သွားနေတယ် ၁၅၀၀ ပဲရှိတော့တာ အများကြီးကျသွားတယ်။ ကမ္ဘာ့ နိုင်ငံတွေမှာ လဲ အရေးအခင်းပြဿနာတွေ အများအပြားရှိကြတယ်။ ဒီနှစ် ပြည်ပတင်ပို့တဲ့ အခါမှာ မူဝါဒတွေ ခဏခဏ မပြောင်းရင်တော့ တန်ချိန် ၃ သိန်းခွဲထိ တင်ပို့ဖို့လျာထားတယ်၊ နှစ်စဉ် တန်ချိန်က ၃သိန်း ကျော်အထိ တင်ပို့နေတာပေါ့။ အဓိကက တရားမဝင် တင်ပို့မှုပေါ်မှာ မူတည်တာပေါ့ ၊ ငွေကြေးဈေး ဘာညာနဲ့ တွက်ချက်ပြီး oversea က ပို့လို့ကိုက်တယ် ဆိုရင်တော့ ပိုပြီးတင်ပို့နိုင်မှာပေါ့၊ အဲ့ဒီလိုမဟုတ်ပဲ ငွေကြေးကမောက်ကမ ဖြစ်နေရင်တော့ တရားမဝင်တင်ပို့မှုဘက်ကို ပြောင်းသွားမှာ" ဟု မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်ကပြောသည်။

လက်ရှိ ပြည်ပတင်ပို့နိုင်ရန်အတွက် ပစ္စည်းစုဆောင်းမှုများ ပြုလုပ်ကြပြီး တင်ပို့ရာတွင်လည်း မူဝါဒပိုင်းအပြင် တခြားအခက်ခဲများစွာရှိကြောင်း ရော်ဘာလုပ်ငန်းရှင်များထံမှ သိရသည်။ လက်ရှိရော်ဘာခြံ ပြန်ဖွင့်ချိန် ကမ္ဘာ့ရော်ဘာဈေး ပုံမှန်ခန့်တွင်ရှိနေခြင်းဖြစ်ပြီး ပြည်တွင်း၌ ရော်ဘာတစ်ပေါင်လျှင် ၁၂၀၀ မှ ၁၅၅၀ ကြား အတွင်းအရောင်းဝယ် ဖြစ်နေကြောင်းသိရသည်။

"ဒီတပတ်အတွင်းမှာတော့ ဒီဈေးက ပုံမှန်အနေအထားဖြစ်နေတယ်၊ ကမ္ဘာ့ဈေးကတော့ အကျဘက်ကို သွားနေတယ်။ တွက်ခြေကိုက်လားဆိုတော့ ဒီကာလမှာ ပြောရတာ အရမ်းခက်တယ်၊ ပြည်တွင်း ဒေါ်လာဈေးတွေ မြင့်နေတာမို့ ဈေးက ဒီလောက်ရောက်နေတာ။ အဲ့တာနဲ့အတူတူ ထုတ်လုပ်စရိတ်တွေမြင့်သွားတယ်၊ အခုဈေး လက်ရှိအခြေအနေက လုပ်သာ ကိုင်သာရှိနေသေးတယ်လို့ ပြောလို့ရပါတယ်"ဟု ရော်ဘာလုပ်ငန်းရှင်တစ်ဦး ကပြောသည်။

ပြည်တွင်း ရော်ဘာမှာ ပြည်ပတင်ပို့မှုသာ အဓိကရှိပြီး ပြည်တွင်းသုံးစွဲမှု နည်းသည့်ပစ္စည်းဖြစ်သောကြောင့် နိုင်ငံတကာ ဈေးပေါ်မှာပဲ မူတည်ကြောင်းသိရသည်။ ရော်ဘာ တစ်နိုင်ငံလုံး စိုက်ဧက တစ်သန်းခြောက်သိန်းနှင့် လေးသောင်းကျော်ထိ ရှိပြီး စိုက်ပြီးသားဧကထဲမှ ထုတ်လုပ်မှု တိုးထွက်လာခြင်းကြောင့် အထွက်နှုန်းတော့ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာ ကြောင်း သိရသည်။

လက်ရှိတွင်မြန်မာ့ရော်ဘာ စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းခန့်အား တရုတ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိကာ မလေးရှား၊

အင်ဒိုနီးရှား၊ စင်ကာပူ၊ ကိုရီးယား၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံများသို့လည်း တင်ပို့မှုများရှိကြောင်း၊ အများဆုံးအနေဖြင့် ပင်လယ်ရေကြောင်းမှ တင်ပို့လျက်ရှိကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ နှစ်စဉ် ရော်ဘာတန်ချိန် သုံးသိန်းခွဲကျော် တင်ပို့လျက်ရှိကြောင်း သိရသည်။ ရော်ဘာကို မြန်မာနိုင်ငံ တောင်ပိုင်းဒေသများဖြစ်သည့် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသတို့တွင် အများဆုံးစိုက်ပျိုးကြသည်။

(AMIA)

Source: https://t.me/htwettoe

## STOCK EXCHANGE (8.11.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 8th Nov. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,200 | +0 | +0.00% | 9,200 | 9,200 | 9,200 | 1,340 | 12,328,000 | 33,109,694 | 304,609 |
| MTSH | 00002 | 3,350 | -50 | -1.47% | 3,400 | 3,400 | 3,350 | 1,414 | 4,757,600 | 38,929,150 | 130,413 |
| MCB | 00003 | 7,800 | +100 | +1.30% | 7,800 | 7,800 | 7,800 | 3 | 23,400 | 10,400,986 | 81,128 |
| FPB | 00004 | 20,000 | +500 | +2.56% | 20,000 | 20,000 | 20,000 | 4 | 80,000 | 2,472,053 | 49,441 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 3 | 8,100 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 5,000 | 4,900 | 37 | 182,300 | 10,497,598 | 51,438 |


### Market summary

As of 8th Nov. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 405.97 | +0.19 | +0.05% | 406.38 | 407.69 | 405.97 | 2,801 | 17,379,400 | 7 | 706,232 |

**Index chart**




## Market Overview

### Main Board

As of 1:00 pm, 8th Nov. 2022

| MYANPIX | 405.97 ▲ 0.19 |
|---|---|
| Total Volume (shares) | 2,801 |
| Total Value (MMK) | 17 mil |
| Listed Company | 7 |
| Market Cap. (MMK) | 706,232 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,200 | ▲ 0 |
| MTSH | 00002 | 3,350 | ▼ 50 |
| MCB | 00003 | 7,800 | ▲ 100 |
| FPB | 00004 | 20,000 | ▲ 500 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |